နောက်ဆက်တွဲ(က)

## အဆင့်မြင့်ရာဘာစက်ရုံစီမံကိန်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ

၁။ Sri Trang Ayeyar Rubber Industry Co.,Ltd မှ မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ်၊ ကန်ကလေးဥယျာဉ်ခြံ (၈၄၈/၁၂၁၁)၊ မြေဧရိယာ (၁၀.၂) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အဆင့်မြင့်ရာဘာစက်ရုံစီမံကိန်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် Sri Trang Ayeyar Rubber Industry Co.,Ltd ၏ ၈-၁၁-၂၀၂၂ ရက်စွဲပါစာဖြင့် တင်ပြခဲ့သည့် အပြီးသတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** Mr.Pong Torn Kongtong၊ Sri Trang Ayeyar Rubber Industry Co.,Ltd ကန်ကလေးဥယျာဉ်ခြံ၊ မုဒုံမြို့နယ်၊ မော်လမြိုင်ခရိုင်၊ မွန်ပြည်နယ်၊ ၀၉-၇၆၈၁၀၉၇၅၇၆ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** လုပ်ငန်းစဉ်အဆင့်ဆင့်အနေဖြင့် ရာဘာကုန်ကြမ်း များအား ရေစိမ်ကန်၌ ရေစိမ်ခြင်း၊ စက်များဖြင့်ဖြတ်တောက်ဆေးကြောခြင်း၊ အဆင့်ဆင့်ကြိတ်ခွဲ သန့်စင်ခြင်း၊ ပေါင်းခံခြင်း၊ ဖိကြိတ်၍ အတုံးပြုလုပ်ခြင်း၊ ပါကင်ထုပ်ပိုးခြင်းတို့ဖြစ်ကြောင်း ဖော်ပြ ထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အသုံးပြုမည့်ကုန်ကြမ်းများမှာ အဓိကအားဖြင့် ရာဘာ စိုက်ပျိုးသူများထံမှဝယ်ယူပြီး ကုန်ချောရရှိနိုင်ရန်အတွက် တစ်နှစ်လျှင် မြေအောက်ရေ (၁၀,၀၀၀) ဂါလန်ခန့် ထုတ်ယူသုံးစွဲကြောင်း၊ တစ်လလျှင် လျှပ်စစ်မီး (၁၀၀,၀၀၀) ယူနစ်ခန့် သုံးစွဲလျက် ရှိကြောင်း၊ ဒီဇယ်ဆီ လီတာ (၆၀,၀၀၀) ကျော်ခန့် သုံးစွဲနေကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ကန်ကလေးဥယျာဉ်ခြံ (၈၄၈/၁၂၁၁)၊ မုဒုံမြို့နယ်၊ မော်လမြိုင်ခရိုင်၊ မွန်ပြည်နယ်တွင် တည်ရှိပါသည်။

